**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**

# ပဲခူးတိုင်းဒေသကြီးအတွင်း တည်ထောင်ထားရှိသည့် ကျွန်းစိုက်ခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးနှင့်ရောဂါများအား ဘက်ပေါင်းစုံကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ခြင်း စီမံကိန်း

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာနနှင့် အာရှသစ်တောဆိုင်ရာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization – AFoCO) တို့ ပူးပေါင်း၍ **"ပဲခူးတိုင်းဒေသကြီးအတွင်း တည်ထောင်ထားရှိသည့် ကျွန်းစိုက်ခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးနှင့် ရောဂါများအား ဘက်ပေါင်းစုံကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ခြင်း စီမံကိန်း (FD-AFoCO IPDM Project)"** အား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ အထိ (၅) နှစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါ စီမံကိန်းအတွက် အရည်အချင်းပြည့်မီသည့် Pest Technician (၁) ဦး လစ်လပ်လျက်ရှိသဖြင့် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် -

(က) Entomology ဘာသာရပ်တွင် Ph.D (သို့မဟုတ်) M.Sc ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂) နှစ်ရှိရမည်။

(ခ) Microsoft Office (Word, Excel, Powerpoint) ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဂ) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရပါမည်။

(ဃ) ကျန်းမာရေးကောင်းမွန်ပြီး စီမံကိန်းဧရိယာသို့ ကွင်းဆင်းဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ - စီမံကိန်းရုံး၊ သစ်တောသုတေသနဌာန။

၄။ မူရင်းလစာ - အမေရိကန်ဒေါ်လာ ၅၀၀ (USD 500)။

(လုပ်ငန်းစွမ်းဆောင်ရည်အပေါ် မူတည်၍
USD 600 အထိ တိုးမြှင့်ပေးမည်။)

၅။ Pest Technician (၁) ဦး၏ လုပ်ငန်းတာဝန်နှင့် ဝတ္တရားများ (Terms of Reference – ToR) မှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည် -

(က) စီမံကိန်းမှကျင်းပသည့် အစည်းအဝေးများ၊ သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများအတွက် လိုအပ်သည်များအား ပံ့ပိုးဆောင်ရွက်ရမည်။

(ခ) စီမံကိန်းဧရိယာများသို့ သွားရောက်၍ ဖျက်ပိုး/ရောဂါစာရင်းများ ကောက်ယူခြင်း လက်တွေ့သရုပ်ပြသင်တန်းများ၊ စာရင်းကောက်ယူခြင်းဆိုင်ရာလုပ်ငန်းများနှင့် ဖျက်ပိုး/ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ကွင်းဆင်းဆောင်ရွက်ရမည်။

(ဂ) ဖျက်ပိုးနှင့်အပင်ရောဂါဆိုင်ရာ သုတေသနလုပ်ငန်းများ၊ Guide Book ထုတ်ဝေခြင်းလုပ်ငန်းများ၊ သုတေသန စာတမ်း ရေးသားခြင်းများ ဆောင်ရွက်ရမည်။

(ဃ) AFoCO Secretariat သို့ ပေးပို့တင်ပြရမည့် Mid-Year Report များ၊ Annual Report များ၊ Monitoring and Evaluation Report များ ရေးသားရမည်။

(င) ဖျက်ပိုးနှင့်အပင်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များတွင် လိုအပ်သည့် Software ထုတ်ဝေခြင်းများ ဆောင်ရွက်ရမည်။

(စ) စီမံကိန်း၏ ရုံးလုပ်ငန်းဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရမည်။

(ဆ) အလုပ်ရာထူးမှ နုတ်ထွက်လိုပါက စီမံကိန်းမန်နေဂျာထံသို့ အနည်းဆုံး (၁) လ ကြိုတင်၍ အသိပေးပြီး တာဝန်ယူထားသည့် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးမှသာ နုတ်ထွက်ရမည်ဖြစ်ပါသည်။

၆။ အစမ်းခန့်ကာလအား (၆)လသတ်မှတ်ပြီး လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှုရှိပါက အတည်ပြုခန့်အပ်သွားမည် ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို သစ်တောသုတေသနဌာန၊ ညွှန်ကြားရေးမှူးရုံးသို့ ၂၀၂၂ ခုနှစ်၊ ဇွန်လ (၁၅) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည် -

(က) ကိုယ်ရေးရာဇဝင်၊

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊

(ဂ) မှတ်ပုံတင်မိတ္တူ၊

(ဃ) ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံစာ။